**<u>ဩစတြေးလျ၊ ဒိန်းမတ်၊ အီးယူ၊ နော်ဝေး၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် သံရုံးများ မှရွေးကောက်ပွဲဆိုင်ရာကူညီထောက်ပံ့မှုပူးတွဲကြေညာချက်</u>**

ဩစတြေးလျ၊ ဒိန်းမတ်၊ အီးယူ၊ နော်ဝေး၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် သံရုံးများသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုကြို ဆို ပါသည်။ အထူးသဖြင့်မြန်မာအစိုးရ၏၂၀၁၅နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲ သည် မြန်မာနိုင်ငံ၏သမိုင်းဝင်မှတ်ကျောက်တင်မည်ဖြစ်ပြီး  ကမ္ဘာ့အလယ်တွင်မြန်မာ သည် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ရောက်နေပြီဖြစ်ကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲ မှုကို လုပ်ဆောင်လျက်ရှိကြောင်း သက်သေခံမည့် အရာလည်း ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ် ဖက်များ အနေဖြင့်ကျွန်ုပ်တို့သည်လည်းမြန်မာနိုင်ငံ၏ရွေးကောက်ပွဲပြင်ဆင်မှုများကို ကူညီထောက် ပံ့ပေးနေပါသည်။

ဤ၂၀၁၅ရွေးကောက်ပွဲသည်မြန်မာအစိုးရနှင့်မြန်မာနိုင်ငံသားတို့၏ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပြီးအောင်မြင်မှုကို ရွေးကောက်ပွဲ၏သန့်ရှင်းမျှတမှုနှင့်ပြည်သူလူထု၏ဆန္ဒအရ ထွက်ပေါ်လာသော ရွေးကောက်ပွဲရလာဒ်ကအဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။ သန့်ရှင်းမျှတပွင့်လင်း မြင်သာ၍အလုံးစုံ အောင်မြင် သောရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုဖြစ်စေရန်ဤ ရွေးကောက်ပွဲတွင်သက်ဆိုင်သူများအားလုံးနှင့်ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်လျှောက်အတူတကွပူးတွဲလုပ်ဆောင်သွားပေးရမည်ဖြစ်သည်။ ရွေးကောက်ပွဲနေ့မတိုင်မီကာလတွင်ယုံကြည်စိတ်ချမှုတည်ဆောက်ရမည်ကို ကျွန်ုပ်တို့အားလုံးနားလည်ထားပါသည်။ယုံကြည်မှုဆိုရာတွင် နိုင်ငံတကာ၏ ရွေးကောက်ပွဲဆိုင်ရာအကူအညီထောက်ပံ့မှုများ၏တော်တည့်မှန်ကန်ဖြောင့်မတ်မှု ကိုယုံကြည်မှုလည်းပါဝင်သည်။

အပြည်ပြည်ဆိုင်ရာတွင်ကျင့်သုံးနေသည့်အကောင်းဆုံးအလေ့အထများအရ ကျွန်ုပ်တို့(ဩစတြေးလျ ဒိန်းမတ် အီးယူ နော်ဝေး ဆွစ်ဇာလန် ယူနိုက်တက်ကင်းဒမ်း အမေရိကန်)သည် အစိုးရနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများကို ဤရွေးကောက်ပွဲ လုပ်ငန်းစဉ်ကာလအတွင်း ညှိနှိုင်းဆောင်ရွက်ပြီးကူညီထောက်ပံ့ပေးနေပါသည်။ ကူညီသူနှင့်မိတ်ဆွေများအနေဖြင့်ကျွန်ုပ်တို့သည်လည်းပွင့်လင်းမြင်သာမှုခြုံငုံမှုရှိခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုစသောမူဝါဒစည်းကမ်းများကိုအလေးထားလိုက်နာသွား မည်ဖြစ်ကြောင်းကတိကဝတ်ပြုပါသည်။ ကျွန်ုပ်တို့၏ကူညီမှုရည်ရွယ်ချက်သည်ဤဒီမို ကရေစီ လမ်းကြောင်း ကိုစတင်ပုံဖော်ပေးရန်ဖြစ်ပြီးမည်သည့်နိုင်ငံရေးပါတီ (သို့မဟုတ်) ပုဂ္ဂိုလ်အပေါ်တွင်မှအခြေခံခြင်းမရှိပေ။

**သန့်ရှင်းမျှတယုံကြည်စိတ်ချပွင့်လင်းမြင်သာအောင်မြင်မှုရှိသောရွေးကောက်ပွဲဖြစ်လာ စေရန်အခြေခံကျသည့်လမ်းညွှန်ချက်များ-** ကူညီသူအားလုံးသည် ဤလမ်းညွှန်ချက် တစ်ချက်ခြင်းစီနှင့်တိုက်ရိုက်ပတ်သက်မှုမရှိသော်လည်းကူညီထောက်ပံ့မှုကိုအောက် ဖော်ပြပါအချက်များဖြင့်တင်ပြလိုပါသည်။

- အပြည်ပြည်ဆိုင်ရာနိုင်ငံတကာစံနှုန်းမီစေရန်မြှင့်တင့်ခြင်း - ကျွန်ုပ်တို့သည် ရွေးကောက်ပွဲ ကော်မရှင်ကို ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှု၊ ပြည်တွင်းမဲဆန္ဒ ပေးသူစာရင်းကို ပြန်လည် ပြုပြင်မွမ်းမံခြင်း စသည့်လိုအပ်သည့်နည်းပညာဆိုင် ရာထောက်ပံ့မှုများပြုလုပ်ပေးနေပါ သည်။

- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာမူဘောင်ကိုစတင်ခြင်း - ကျွန်ုပ်တို့

သည်ပြည်တွင်းရောပြည်ပမှာပါရွေးကောက်ပွဲလေ့လာသူများကိုလိုအပ်သည့်သင်တန်းများ ဖြစ်သည့်ရွေးကောက်ပွဲအတွင်းပွင့်လင်းမြင်သာရှိမှုနှင့် မဲပေးသူများအနေဖြင့် ရွေးကောက် ပွဲ၏တော်တည့်မှန်ကန်ဖြောင့်မတ်မှုကို ယုံကြည်လာစေရန်မြှင့်တင်ပေးမှုတို့ကိုအကူအညီ ပေးနေပါသည်။ အပြည်ပြည်ဆိုင်ရာအတွေ့အကြုံများအရရွေးကောက် ပွဲလေ့လာမှုသည် ရွေးကောက် ပွဲတွင်တာဝန်ခံမှုရှိစေရန်၊မဲပေးသူများကိုယုံ ကြည်စိတ်ချစေရန်နှင့်မဲလိမ်သူများကိုတားဆီးရန်အထောက်အကူပြုပါသည်။

- ရွေးကောက်ပွဲတွင်ပါဝင်သည့်အဖွဲ့အစည်းများ၏လုပ်နိုင်စွမ်းကိုမြှင့်တင်၍ဒီမိုကရေစီကျသောနိုင်ငံရေး ယှဉ်ပြိုင်မှုကိုမြှင့်တင်ပေးခြင်း - ကျွန်ုပ်တို့ ၏ကူညီမှုသည်ပါဝင်ပတ်သက်သော အဖွဲ့အစည်းများ၏ လုပ်နိုင်စွမ်းမြှင့်တင်ပေးခြင်းအပေါ် အဓိကထားပါသည်။ ဤရွေးကောက်ပွဲကာလတွင်လိုအပ်သည့်အထောက်အပံ့ ပေးမှုရှိသောအချို့သော ပါတီများအတွက်လည်း ကူညီထောက်ပံ့ပေးပါသည်။ ပြည်သူလူထုအတွင်း တုံ့ပြန်မှုမြန်ဆန်မှုရှိသည့်အဖွဲ့အစည်းများကိုတည်ဆောက်ပေးမှု ကိုမြန်မာနိုင်ငံ၏ဥပဒေများနှင့်အညီလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ဤသို့ ကူညီထောက်ပံ့မှုပေးရာတွင်နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင်ပါဝင်နိုင်ရန်လိုအပ်သည့်အချက်အလက်များရရန်နှင့်လူထုအပေါ် တွင်တုံ့ ပြန်ဆောင်ရွက်ပေးနိုင်သောအဖွဲ့ အစည်းများတည်ထောင်ပေးရေးတို့ ပါဝင်ပါသည်။ [1]

---

[1] ၁။ အီးယူ၊ နော်ဝေး၊ ဆွစ်ဇာလန်၊ အမေရိကန်နိုင်ငံများသည်နိုင်ငံရေးပါတီများအနေဖြင့်နိုင်ငံရေးပါတီများကိုလုပ်နိုင်စွမ်းကိုမြှင့်တင်ပေးခြင်းနှင့်သက်ဆိုင်သည့်အကူအညီများပေးပါသည်။

- လူထုအခြေပြု အဖွဲ့အစည်းများနှင့်မီဒီယာအဖွဲ့အစည်းများကို မဲဆန္ဒပေးခြင်းဆိုင်ရာပညာပေးခြင်းနှင့်ရွေးကောက်ပွဲတွင်ပါဝင်ကူညီထောက်ပံ့ပေးခြင်း- ကျွန်ုပ်တို့သည်မဲဆန္ဒပေးသူများကိုမှတ်ပုံတင်ခြင်းနှင့်မဲဆန္ဒပေးခြင်းဆိုင်ရာပညာပေးခြင်း များကိုပြုလုပ်နေသည့် လူထုအခြေပြု အဖွဲ့အစည်းများကိုကူညီထောက်ပံ့ပေးနေပါသည်။ ထို့အပြင်ကျွန်ုပ်တို့သည် မီဒီယာအဖွဲ့အစည်းများကိုလည်းတိကျသေချာယုံကြည်စိတ်ချရပြီးမျက်နှာမလိုက်သည့် သတင်းအချက်လက်များပြည်သူလူထုကိုပေးရန်သင်တန်းများ ပေးနေပါသည်။

ရွေးကောက်ပွဲတွင်ပါဝင်သည့်အဖွဲ့အစည်းများကြားအပြန်အလှန်ဆွေးနွေးမှုများပိုမိုရှိလာစေရန် - ကျွန်ုပ်တို့၏ကူညီမှုလုပ်ငန်းစဉ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ မီဒီယာ၊နိုင်ငံရေးပါတီများ အချင်းချင်းရွေးကောက်ပွဲနှင့်ပတ်သက်သည့်ဖွဲ့စည်းပုံစီမန်ခံ့ခွဲမှု နှင့်အခြေခံ ဘောင်စသည့်အကြောင်းရာများအကြောင်း အပြန်အလှန်ပုံမှန်ဆွေးနွေးမှုများလုပ်စေရန်ရည် ရွယ်ပါသည်။

ကျွန်ုပ်တို့ရည်စူးဦးတည်သောရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့များအပြင်အေးချမ်း၍အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲပတ်ဝန်းကျင်ကိုလည်းမြှင့်တင်ပေးသွားမည်ဖြစ်သည်။ မီဒီယာလွတ်လပ်ခွင့်၊လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြောဆိုခွင့်၊ လူမျိုးရေးခွဲခြားမှုမရှိခြင်းနှင့်လူသားတိုင်းနှင့်ဆိုင်သည့် အခွင့်အရေးနှင့် လူသားတိုင်းကိုကာကွယ်ခြင်းသည်ယုံကြည်စိတ်ချရသည့်ရွေးကောက်ပွဲ၏အဓိကကျသောအချက်များဖြစ်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာအချက်များကို အသေးစိတ်လေ့လာနိုင်ရန်

ဩစတြေးလျ - http://dfat.gov.au/geo/burma/development-assistance/pages/development-assistance-in-burma.aspx

ဒိန်းမတ် - www.myanmar.um.dk

အီးယူ - andreas.magnusson@eeas.europa.eu

နော်ဝေး - http://www.myanmar.norway.info/

ဆွစ်ဇာလန် - https://www.eda.admin.ch/yangon

ယူနိုက်တက်ကင်းဒမ်း - http://devtracker.dfid.gov.uk/countries/MM/

အမေရိကန် - rangoon-press@state.gov